
ချစ်လွန်းချိ
ကိုကိုချစ်တဲ့ကလေးပိစိ

# အခန်း(၁)

"တီ ... တီ ... တီ ..."

နာရီနှိုးစက်သံ တတီတီနှင့် မြည်နေတာကို လက်ဖြင့်လှမ်းယူကာ ပိတ်ပစ်လိုက်၏။ ထို့နောက် ပြန်အိပ်လိုက်သူကတော့ ဒီနေ့သစ်ခြားပင် ဖြစ်၏။ နာရီနှိုးစက်သံ ငြိမ်ကျသွားသည်နှင့် သူလည်း နှစ်ခြိုက်စွာ အိပ်လိုက်တော့သည်။ ထိုစဉ် အပြင်ဘက်မှ ...

"သား သားရေ သား ဒီနေ့သစ်ခြား မထသေးဘူးလား ထတော့လေ"

အသံပြုရင်းမှ မိခင်ဖြစ်သူ ဒေါ်မာလာခြား တစ်ယောက် အခန်းတွင်းသို့ တံခါးဖွင့်ကာ ဝင်ခဲ့လိုက်၏။ အခန်းထဲ အရောက်မှာတော့ သားဖြစ်သူက အိပ်ရာထက်တွင် ခွေခွေလေး အိပ်နေဆဲပင်။ သူ့ သားအနား သွားကာ ...

"သား သစ်ခြား ထတော့လေ ဒီနေ့ ကုမ္ပဏီမှာ အင်တာဗျူး သွားဖြေရမှာဆို"

ထိုအခါမှ သစ်ခြား ကုန်းထလာကာ ...

"ဟုတ်သားပဲ မေမေရာ သား မေ့သွားတာ ခုရော ဘယ်နှနာရီ ထိုးပြီလဲ မေမေ"

ပြောပြီး နာရီ ယူကြည့်လိုက်တော့ ၇:၃၀ ချေပြီ။

"တော်သေးတာပေါ့ အင်တာဗျူးက ကိုးနာရီမှမို့"

"ကဲ ထတော့ ရေမိုးချိုးပြီး အောက်ဆင်းခဲ့ မေမေ စောင့်နေမယ်"

"ဟုတ် ဒါနဲ့မေမေ ခတ္တာရော ရောက်ပြီလား"

"မရောက်သေးဘူး သားရဲ့"

"ဟုတ် ဒါဆို သား ရေချိုးတော့မယ်"

"အေး အေး"

သစ်ခြား မေမေ့ကို ပြောပြီး ရေချိုးခန်းထဲ ဝင်ခဲ့ လိုက်တော့၏။ ခတ္တာဆိုတာက သစ်ခြားရဲ့ အခင်ရဆုံး သူငယ်ချင်းမလေး ဖြစ်၏။ ခတ္တာနှင့် စခင်တာက သုံးတန်းနှစ်ကမှ ဖြစ်၏။ ဒီကို ပြောင်းလာရင်းမှ ကျောင်းလည်းတူ အိမ်နီးချင်းလည်း အတူဖြစ်သော ခေတ္တာနှင့် ခင်မင်ခွင့် ရခဲ့၏။ အပေါင်းအသင်း သိပ်မရှိတဲ့ သစ်ခြားတစ်ယောက် ခတ္တာကိုတော့ တော်တော်လေး ခင်မင်မိသည်။ အခုဆိုရင် သစ်ခြားအသက်မှာ နှစ်ဆယ့်သုံးနှစ်ထဲမှာ ဖြစ်ပြီး ကွန်ပျူတာနှင့် ကျောင်းပြီးထားသူလည်း ဖြစ်၏။ ဒီနေ့ သွားလျှောက်မည့် အလုပ်ကလည်း သူနှင့် သင့်တော်သည်ဟု ထင်မှတ်ကာ သွားလျှောက်ခဲ့ခြင်း ဖြစ်၏။ ဒီနေ့ အင်တာဗျူး ဖြေရမည်။ အကောင်းဆုံး ဖြေနိုင်အောင် ကြိုးစားရမည်။ သူ ရေကို တဝကြီး ချိုးပစ်လိုက်၏။ ရေချိုးပြီးလိုက်တော့မှ လူလည်း လန်းဆန်း သွားတော့သည်။

သစ်ခြားတို့မှာက သားမိ နှစ်ယောက်တည်းရှိ၏။ ပြီးတော့ မေမေက အိမ်မှာ ကူဖော်လောင်ဖက် ရအောင် အမေ့ဘက်မှ အမျိုးတော်စပ်သူ နုနုဆိုသည့် မိန်းကလေးအား အိမ်တွင် ခေါ်ထား၏။ သစ်ခြားရဲ့ ဖခင်ဟာ သစ်ခြားအသက် ဆယ်နှစ်သားလောက်မှာ နယ်ဘက်ကို အလုပ်ကိစ္စနဲ့ ခရီးသွားရင်း ကားအက်ဆီးဒင့် ဖြစ်ကာ ထိုနေရာမှာပင် ပွဲခြင်းပြီး သေဆုံးခဲ့၏။ ဖခင်မရှိတော့တဲ့ နောက်ပိုင်း မေမေကသာ သူ့အား မိခင်လို တစ်မျိုး ဖခင်လိုတစ်ဖုံ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့၏။ အခုဆိုသူလည်း ကျောင်းပြီးချေပြီ အမေ့ကိုသူ တစ်ဖန် ပြန်လည် လုပ်ကျွေးရမည် မဟုတ်ပါလား။

***

"မင်းအသက် အခု ဘယ်လောက်လဲ"

ရုတ်တရက် ကောက်ကာ ငင်ကာကြီး ထမေးလိုက်တဲ့ ဒယ်ဒီရဲ့ စကားကြောင့် လှိုင်း သောက်လက်စ ကော်ဖီခွက်ကို အသာချရင်း ...

"သုံးဆယ် ပြည့်တော့မယ်လေ ဒယ်ဒီ ဘာလို့များလဲ"

"အေး အခု မင်းအသက် သုံးဆယ်ပြည့်တော့မယ် မင်းအခု ဘာလိုအပ်နေလဲ မင်းကိုယ်မင်း သိရဲ့လား"

ဒယ်ဒီ့ စကားကြောင့် လှိုင်း ကြောင်သွားရ၏။ ဘာများ လိုအပ်နေလို့လဲ ပေါ့။

"ဟာဗျာ ဒယ်ဒီကလည်း စားပြန်ပြီ အခု ကျွန်တော်က ကုမ္ပဏီရဲ့ ဥက္ကဋ္ဌလေ ပြီးတော့ ဘာလိုအပ်နေလို့လဲ မာမီ ဒယ်ဒီ့ကို ပြောပါဦး"

ဘေးမှာ ရှိနေသည့် မိခင်အား စစ်ကူ ခေါ်လိုက်၏။

"မင်း စကားလမ်းကြောင်း မလွှဲနဲ့ မင်းကို ဘာပြောချင်တာလဲဆိုတာ မင်းသိတယ် ကဲပြော မင်းဘယ်တော့ မိန်းမ ယူမှာလဲ"

ထိုအခါမှ ဒယ်ဒီ ဘာပြောချင်မှန်း လှိုင်း သဘောပေါက်သွားရကာ ...

"ဘာများလဲလို့ ဒယ်ဒီရာ နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တာပဲ ကျွန်တော့်ဘာသာ နားအေးပါးအေး အေးအေးဆေးဆေးလေး နေပါရစေ မိန်းမ မယူချင်သေးဘူး နောက်ပြီး မိန်းမတွေက ပူညံပူညံ ပွစိပွစိနဲ့ မယူချင်သေးဘူး"

"ဟုတ်သားပဲ ဖေကြီးရယ် သားလေး အေးဆေး နေပါစေဦး"

လှိုင်းရဲ့မိခင် ဒေါ်သီရိမေကပါ သားဘက်က ဝင်ထောက်ပေးခြင်း ဖြစ်သည်။

"ဘယ်ချိန်ထိ အေးဆေး နေမှာလဲ မရဘူး မင်းကို အချိန်နှစ်လပေးမယ်

နှစ်လအတွင်းမှာ မင်းရည်းစားတစ်ယောက် ရအောင်ရှာပြီး အိမ်ခေါ်လာနိုင်ခဲ့ရမယ် တကယ်လို့ မင်းမရှာနိုင်ရင်တော့ ငါပေးစားတဲ့ မိန်းကလေးနဲ့ မင်းလက်ထပ်ရမယ်"

ဒယ်ဒီရဲ့ တစ်ချက်လွှတ် အမိန့်အောက်မှာ လှိုင်းကလည်း ...

"ရတယ်လေ ဒယ်ဒီ ကျွန်တော် ကြိုးစားပါ့မယ်"

ပြောသာ ပြောရတာ မိန်းကလေးတစ်ယောက်ကို နှစ်လအတွင်း ရည်းစားဖြစ်အောင် ဘယ်လို ရှာရမလဲ ...။

"အိုကေ မင်းစကား မင်းတည်ပါစေ"

လှိုင်း ခေါင်းညိတ် ပြလိုက်ရင်း မုန့်နှင့်ကော်ဖီကို အမြန်စားကာ ကုမ္ပဏီသို့ ထွက်ခဲ့ လိုက်တော့၏။ ဒီနေ့က အင်တာဗျူးရှိတယ် မဟုတ်ပါလား။ လှိုင်းရဲ့ နာမည် အပြည့်အစုံက သီအိုရီလှိုင်း။ W.W.Y ရဲ့ MD လည်း ဖြစ်၏။ အခု လှိုင်းရဲ့ အသက်မှာ သုံးဆယ် ပြည့်ချေတော့မည်။ ဒယ်ဒီ ပြောသလိုပဲ သူ့မှာ အခုထိ ရည်းစား မရှိသေး။ မရှိဆို သူ မိန်းကလေးတွေကို စိတ်မဝင်စားသေးချေ။ အဲတာက ဘာလည်းဆိုတာ သူလည်း သေချာ နားမလည်ခဲ့ချေ။ သေချာတာ တစ်ခုကတော့ သူ့နှလုံးသားလေးသည် အခုချိန်ထိ ရင်ခုန်ရမယ့်သူ မတွေ့သေးပါ။

***

နေ့သစ် ကုမ္ပဏီသို့သွားရန် ပြင်ဆင်ပြီး အိမ်အောက်ထပ်သို့ ဆင်းခဲ့လိုက်၏။ အောက်ထပ်တွင်တော့ ခတ္တာလည်း ရောက်နှင့်နေ၏။ ခတ္တာကို မြင်တော့ ...

"ခတ္တာ စောင့်ရတာ ကြာသွားပြီလား"

"မကြာသေးပါဘူး သွားရအောင်လေ"

ခတ္တာရဲ့ ကုမ္ပဏီနှင့် နေ့သစ် အင်တာဗျူး ဖြေရမည့် ကုမ္ပဏီက သိပ်မဝေး တာကြောင့် ခတ္တာက နေ့သစ်နှင့်ပင် လိုက်လာခြင်း ဖြစ်သည်။ တကယ် တော့ ခတ္တာက နေ့သစ်အပေါ် သူငယ်ချင်း သံယောဇဉ်ထက် ပိုသော သံယောဇဉ် တွယ်နေမိ၏။ သို့သော် နေ့သစ်ကတော့ ခတ္တာအပေါ် သူငယ်ချင်း သံယောဇဉ်ထက် မပိုခဲ့။

နေ့သစ် သူအင်တာဗျူး ဖြေရမည့် ကုမ္ပဏီသို့ ရောက်သည်နှင့် အင်တာဗျူး ဖြေရမည့် အခန်းကို မေးမြန်းကာ အမြန်ပင် သွားလိုက်၏။ ထို ချိန်တွင် ထောင့်ချိုးတစ်ခုမှ ထွက်လာသော လူတစ်ယောက်နှင့် နေ့သစ်တို့ မှာ တိုက်မိတော့၏။ နေ့သစ် လက်ထဲမှ အင်တာဗျူး ဖြေမည့် စာရွက်တချို့ လွတ်ကျကုန်၏။ နေ့သစ် သူ့စာရွက်တွေကို ကောက်နေရသူမို့ သူတိုက်မိ သည့် သူကို ဂရုမစိုက် အားသေးပေ။

လှိုင်း သူ့ကို တိုက်ပြီး ဂရုမစိုက်သေးသည့် ထိုကောင်လေးကြောင့် ...

"ဟိတ်ဒီမှာ"

"ဗျာ"

နေ့သစ် မော့ကြည့်ရင်း ထူးလိုက်၏။ သူမော့ကြည့်ရင်းမြင်တွေ့လိုက်ရ တာက သူ့ရှေ့မှာရပ်နေသည့် ခန့်ညား ချောမောနေသည့် လူကြီးကြောင့် နေ့ သစ် ငေးမော မိသွားရသည်။ ခန့်ညားပြီး ချောလိုက်တာနော်။

လှိုင်း သူ့ကို သေချာ ကြည့်နေသည့် ကောင်လေးကြောင့် ...

"ဒီမှာ မင်းငါ့ကို ဒီတိုင်းပဲ ကြည့်နေတော့မှာလား မတောင်းပန်တော့ဘူး လား"

တောင်းပန်ရမယ်ဆိုပါလား ငါလည်း မမှားဘဲနဲ့ တကယ်ဆို နှစ် ယောက်လုံး မှားကြတာပဲကို။

"ဘာလို့ ကျွန်တော်က တောင်းပန်ရမှာလဲဗျာ့"

"မင်းပဲ ကိုယ့်ကို ဝင်တိုက်တာလေ"

"မဟုတ်ဘူးလေ ဒါက ဒီကအစ်ကို ထွက်လာတာ ကျွန်တော်မှ မမြင်တာ တကယ်ဆို နှစ်ယောက်လုံး မှားတာပဲလေ"

လှိုင်း ထိုကောင်လေးကို စချင်လာတာမို့ ...

"ဒါဆို ကိုယ်လည်း မှားတယ်လို့ မင်းက ဆိုလိုတာလား"

"ဟုတ်တယ်"

သူ့ရှေ့မှာ ကလေး တစ်ယောက်နှယ် ပြောနေသည့် ထိုကောင်လေးကြောင့် ...

"အဟွန်း ... ဟုတ်ပါပြီ မင်းက တကယ် ကလေးလိုပဲ"

နေ့သစ် သူ့အား ကလေးလို့ ပြောလာတာကြောင့် ...

"ဒီမှာ ကျွန်တော် ကလေး မဟုတ်ဘူးဗျာ အလုပ်တောင် လုပ်တော့မှာ"

လှိုင်း ထိုကောင်လေး လက်ထဲမှာ ကိုင်ထားသည့် ဖိုင်ကို မြင်သည်နှင့် ...

"ဘာလဲ အင်တာဗျူး လာဖြေတာလား"

"အင်း ဟုတ်တယ် ခင်ဗျားက ဘယ်လိုသိလဲ"

လှိုင်း ပြုံးလိုက်ပြီး ...

"မင်း အလုပ်ရပြီလို့သာ မှတ်လိုက်တော့ ကောင်လေး"

"အလုပ်ရပြီ မဖြစ်နိုင်တာ ကျွန်တော်က အင်တာဗျူးမှ မဖြေရသေးဘဲ"

ခေါင်းကုတ်ကာ စဉ်းစားနေသည့် ထိုကောင်လေးကို လှိုင်းက ...

"ဘာမှ စဉ်းစားမနေနဲ့ ကောင်လေး ခဏနေရင် တွေ့မယ်"

လှိုင်း ပြောပြီးသည်နှင့် ထိုကောင်လေးအနားမှ ထွက်သွားလေသည်။

ကျန်နေခဲ့သော နေ့သစ်မှာတော့ ...

"ဒီလူ ရှုးများ နေသလားပဲ ငါက အင်တာဗျူးမဖြေဘဲ ဘယ်လိုလုပ်ပြီး အလုပ်က ရလာမှာလဲ"

နေ့သစ် ပွစိပွစိပြောရင်း အင်တာဗျူးရမည့် နေရာသို့ ဝင်လာလိုက်၏။ ဟို ရောက်တော့ သူ့လိုပင် အင်တာဗျူးဖြေရန် စောင့်ဆိုင်း နေကြသည့် မိန်းကလေး တချို့နှင့် ယောကျ်ားလေး တချို့ကို နေ့သစ် တွေ့လိုက်ရ၏။ နေ့သစ်လည်း လွတ်နေသည့် ခုံတစ်လုံးတွင် ဝင်ထိုင် လိုက်လေသည်။

နေ့သစ်ထိုင်ပြီး ဆယ်မိနစ်လောက် အကြာမှာတော့ မိန်းကလေးတစ်ယောက် သူ့အား လာခေါ်လေ၏။

"ဒီက ကိုဒီနေ့သစ်ခြား ဟုတ်ပါတယ်နော်"

နေ့သစ် အမြန် ထရပ်ပြီး ...

"ဟုတ်ပါတယ် ကျွန်တော် အင်တာဗျူး ဖြေရမယ့်အလှည့် ရောက်ပြီလား ဗျာ"

"မဟုတ်ပါဘူး ကျွန်မတို့ MD က ခေါ်ခိုင်း လိုက်လို့ပါ"

"MD ဘယ်က MD လဲ"

"လိုက်ခဲ့ပါနော် ဟိုရောက်ရင် သိရမှာပါ"

"အော် ဟုတ်ကဲ့"

ဒီနေ့အတွက်က နေ့သစ်အတွက် ထူးဆန်းမှုတွေကြီး ဖြစ်နေတော့၏။ နေ့သစ်လည်း ထိုစာရေးမ ခေါ်ဆောင်ရာ အနောက်သို့သာ လိုက်ခဲ့ လိုက်တော့၏။

လျှောက်လာရင်း အခန်းတစ်ခုရဲ့ အရှေ့အရောက်မှာတော့ ထိုမိန်းကလေး က နေ့သစ်ဘက် လှည့်ကာ ...

"ဝင်သွားလိုက်ပါရှင် အထဲမှာ MD စောင့်နေပါတယ်"

"ဝင်သွားရမယ် ဒီတိုင်း ဝင်သွားလို့ ရရဲ့လား မင်းရော မဝင်ဘူးလား"

"ကျွန်မက ခိုင်းထားတာလေးတွေ ရှိသေးလို့ မဝင်တော့ပါဘူး"

ထိုမိန်းကလေးက သူ့အား ထိုအခန်းရှေ့မှာ ထားခဲ့ကာ ထွက်သွားလေ၏။ နေ့သစ်မှာတော့ ဝင်ရမလိုလို မဝင်ရမလို ချီတုန်ချတုန် ဖြစ်နေ၏။ နောက်ဆုံးမှာတော့ အရဲစွန့်ကာ တံခါးဖွင့်ပြီး ဝင်လိုက်တော့သည်။

နေ့သစ် အခန်းထဲ ရောက်တော့ ခုံပေါ်တွင် စမမတ်ကျကျ ထိုင်နေသော လူတစ်ယောက်။ ထိုလူမှာ နေ့သစ်နှင့် တိုက်မိသည့်သူ။

"ဟို ခင်ဗျား"

လှိုင်း သူ့အား အံ့ဩနေသည့် ထိုကောင်လေးအား ...

"ဘာလဲ မင်း ကိုယ့်ကိုမြင်ပြီး အံ့ဩနေတာလား ကောင်လေး"

"မဟုတ်ပါဘူး ဒါနဲ့ အင်တာဗျူးမှာက ခင်ဗျားလား"

"ဟုတ်တယ်လေ ကိုယ်ဗျူးမှာ ဘာလဲ မရဘူးလား"

နေ့သစ် ခေါင်းယမ်းလိုက်ရင်း ...

"မဖြစ်နိုင်တာ အင်တာဗျူးခန်းကဟိုဘက်မှာပါ ပြီးတော့ အဲဒီမှာ အင်တာဗျူး ဖြေမယ့်သူတွေလည်း အများကြီး တော်ပြီဗျာ ကျွန်တော် သွားတော့မယ် ခင်ဗျားလုပ်လို့ ကျွန်တော် အင်တာဗျူးဖြေတာ နောက်ကျတော့မယ်"

ပြန်ထွက်သွားရန် ပြင်နေသည့် ထိုကောင်လေးကြောင့် ...

"နေပါဦးကွာ မင်းကလည်း စိတ်ကြီးပဲ ကိုယ်က မင်းကို အလုပ်ခန့်မှာမို့ ကိုယ်ပဲ မင်းကို ဗျူးမှာ"

"ခင်ဗျား အစကတည်းက အဲဒီလိုပြောမှပေါ့"

နေ့သစ် ပြန်ထိုင်လိုက်၏။

"မင်းရဲ့ဖောင် ကိုယ့်ကိုပေး"

နေ့သစ် လျှောက်လွှာဖောင်အား ထိုလူလက်ထဲ ထည့်ပေးလိုက်၏။ လှိုင်း ထိုကောင်လေး လက်ထဲမှ ဖောင်ကို ကြည့်ပြီး ...

"နာမည်က"

"ဒီနေ့သစ်ခြားပါ"

"အသက်က"

"၂၃ ပါ"

"ပညာအရည်အချင်း"

နေ့သစ် တစ်ခုချင်း ဖြေနေရတာ စိတ်မရှည်တော့တာနှင့် ...

"အဲဒီမှာ အကုန်ပါတယ်လေ ဘာလို့ တစ်ခုချင်း မေးနေတာလဲ"

"အော် ဟုတ်သားပဲ အွန်း မမေးတော့ဘူး ကိုယ် ဒီတိုင်းပဲ ဖတ်ကြည့်တော့မယ်"

လှိုင်း ထိုကောင်လေးရဲ့အလုပ်လျှောက်လွှာကို ဖတ်ကြည့်ပြီးနောက် ...

"ဒါနဲ့ ကောင်လေး မင်းလုပ်ငန်း အတွေ့အကြုံ မရှိသေးဘူးနော်"

"ဟုတ်ပါတယ် မရှိသေးပါဘူး ဒါက ပထမဆုံးပါ"

"အော် ဟုတ်ပြီလေ မင်းမနက်ဖြန်ကစပြီး ကိုယ့်ရုံးခန်းမှာ အလုပ် စဆင်းလို့ရပြီ"

"ဗျာ တကယ်ပဲလား ဒီရုံးခန်းမှာ ကျွန်တော်က ဘာလုပ်ရမှာ"

လှိုင်း အလုပ်ရပြီဆိုတာနှင့် ပျော်ရွှင်သွားသည့် ထိုကောင်လေးအား

ကြည့်၍ သူပါ ကြည်နူးရ၏။ လှိုင်း စိတ်ထဲကနေ မင်းကို အလုကြည့်ဖို့ ခေါ်ထားမလို့ ကောင်လေးရေ။ သူ စိတ်ထဲ ရေရွတ်ရင်းမှ ...

"မင်းက ကိုယ့်ရဲ့ အတွင်းရေးမှူး လုပ်ရမှာ"

"အတွင်းရေးမှူး ဟုတ်လား"

"အင်းလေ ဘာလဲ မလုပ်ချင်ဘူးလား"

"မဟုတ်ပါဘူး ကျွန်တော် လုပ်ပါ့မယ်"

"အိုကေ ဒါဆို မနက်ဖြန် ကိုးနာရီ အလုပ်စဆင်းပေ့ါ ဟုတ်ပြီလား အခုတော့ မင်းပြန်လို့ရပြီ ကောင်လေး"

"ဟုတ်ကဲ့ ကျေးဇူးပါ MD မနက်ဖြန် တွေ့ပါမယ်"

နေ့သစ် MD ဆိုသူအား နှုတ်ဆက်ကာ ပြန်ခဲ့ လိုက်တော့၏။ အလုပ်ကလည်း တန်းရသည်မို့ အလွန် ပျော်ရွှင်နေလျက်။ အလုပ်ရသည့် အကြောင်းကိုလည်း ခတ္တာကို ပြောပြရမည်။ မိခင်ကိုတော့ အိမ်ရောက်မှ ပြောတော့မည်။

လှိုင်း ထွက်သွားသည့် ကောင်လေးရဲ့ ကျောပြင်ကို ကြည့်ရင်း သဘောကျနေမိ၏။ ဘာကြောင့် သဘောကျသလဲ ဆိုတာတော့ သူမပြောတတ်ပေ။ ထိုကောင်လေးနှင့် တိုက်မိကတည်းက သူ့ရင်ထဲမှာ အမျိုးအမည် မသိသော ခံစားချက် တစ်ခုကို ခံစားလိုက်ရ၏။ ဒါက အချစ်များလား။ ဘာကြောင့်များလဲ ဘာကြောင့် သူ့ရဲ့ပထမဆုံး ရင်ခုန်သံက မိန်းကလေးတစ်ယောက် မဟုတ်ပါဘဲ ဘာကြောင့် ယောကျ်ားလေးတစ်ယောက် ဖြစ်နေရတာလဲ။

ဘယ်သူက ကြိုသိနိုင်မလဲ။ ဘယ်သူကရော ကြိုတွေး မိနိုင်မှာလဲ။ ပထမဆုံး ရင်ခုန်မိတာက ယောကျ်ားလေး တစ်ယောက်ဆိုတာ။ လှိုင်း ထိုကောင်လေးကို မြင်မြင်ချင်းပင် သူ့အနားမှာ ရှိစေချင်လာ၏။ ထို့ကြောင့်လည်း

အင်တာဗျူး ထိုင်နေသည်အထိ သူ့ဝန်ထမ်းအား ထိုကောင်လေးကို သွားခေါ် ခိုင်းခဲ့၏။ သူ့အနီးမှာပဲ ထားချင်တာကြောင့် သူကိုယ်တိုင်ပဲ အင်တာဗျူးမေးခဲ့ပြီး သူကိုယ်တိုင်ပင် အလုပ်ခန့် လိုက်တော့သည်။

လှိုင်း အလုပ်လျှောက်လွှာထဲမှာ ထိုကောင်လေးရဲ့ဓာတ်ပုံကိုကြည့်ပြီး ...

"ကောင်လေး ကိုယ်တို့ မနက်ဖြန် ဆုံကြတာပေါ့နော် ကိုယ်စောင့်နေမယ် ကိုယ့်ရဲ့ကောင်လေး"

သူ ထိုလျှောက်လွှာကို ထားလိုက်ပြီး တစ်နေ့တာ လုပ်ငန်းအစီစဉ်တွေကို စတင်ကာ လုပ်နေ လိုက်တော့၏။

***